# ပြည်တွင်း၌ စက်ဆီ/ချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် စိစစ်ခွင့်ပြုထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့် (SOP)

**လိုင်စင်အဆိုပြုလျှောက်ထားခြင်း**

၁။ ပြည်တွင်း၌ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(က) ပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီ/ အဖွဲ့အစည်းများ၏ လိုင်စင်ခွင့်ပြုထုတ်ပေးပါရန် လျှောက်လွှာ

( ခ ) ကိုယ်စားလှယ်လွှဲစာနှင့်ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

( ဂ ) ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ Email

(ဃ) ကုမ္ပဏီ၏ မှတ်ပုံတင်လက်မှတ်

(၁) ကုမ္ပဏီ၏ Profile

(၂) Certificate of Exporter/Importer Registration

(၃) Certificate of Membership (UMFCCI)

(၄) ကုမ္ပဏီ၏ From-VI နှင့် From-XXVI ( DICA ၏ MYCO Website (www.myco.dica.gov.mm) တွင်တိုက်ဆိုင်စစ်ဆေးခြင်း

( င ) စက်ရုံရင်းနှီးမြှုပ်နှံမှုအတွက် အနည်းဆုံးကျပ် ၃၀,၀၀၀,၀၀၀ ရှိသည့် ဘဏ်လက်ကျန်စာရင်း

( စ ) စက်ရုံတည်ဆောက်မည့် မြေနေရာ၏ Google Map

(ဆ) စက်ရုံတည်နေရာအကျယ်အဝန်းအလိုက် တည်ဆောက်မည့်အဆိုပြု အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ(Design & Detail Drawing)

( ဇ ) တည်ဆောက်မည့် မြေနေရာအထောက်အထားအတွက် မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆) မူရင်း(မိတ္တူ) သို့မဟုတ် မြေငှားစာချုပ်

( ဈ ) အဆိုပြုလျှောက်ထားသည့် စာရွက်စာတမ်းပါအချက်အလက်များကို ဌာနမှအတည် မပြုသေးမီ ကြိုတင်တည်ဆောက်ထားခြင်းမရှိကြောင်း ကတိဝန်ခံချက်

၂။ ပြည်တွင်း၌ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလိုင်စင် လျှောက်ထားမှုအပေါ် စိစစ်စစ်ဆေး၍ သတ်မှတ်ချက်များနှင့်ပြည့်စုံပါက သက်ဆိုင်ရာတည်ဆောက်ခွင့်ပြုမိန့်များရယူ၍ အတည်ပြုထားသည့်ပုံစံအတိုင်း တည်ဆောက်သွားမည်ဆိုပါက အဆိုပြုအကွက်ချပုံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ(Design & Detail Drawing) အား အတည်ပြုကြောင်းလျှောက်ထားသူထံ အကြောင်းကြားမည်။

**လိုင်စင်ခွင့်ပြုထုတ်ပေးခြင်း**

၁။ အဆိုပြုအကွက်ချပုံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ(Design & Detail Drawing) အား အတည်ပြုကြောင်း ခွင့်ပြုစာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားရမည်။

(က) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်

(ဂ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် သံယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်

(င) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင် လက်မှတ်

(စ) သက်ဆိုင်ရာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်

(ဆ) သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်

(ဇ) သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ရုံ၊ သိုလှောင့်ခွင့်လိုင်စင်မူရင်းနှင့်မိတ္တူ

(ဈ) ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့်စက်ဆီချောဆီအတွက် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (Brand Name and Logo) မှတ်ပုံတင်ထားသည့် အထောက်အထားမိတ္တူ

(ည) တည်ဆောက်ပြီးစီးသည့် ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း စက်ရုံ အတွင်းရှိသိုလှောင်ရုံ၊ သိုလှောင်ကန်နှင့် Blending မီးပေးဖိုတို့၏(ရှေ့၊ နောက်/ ဝဲ၊ ယာ) ရိုက်ကူးထားသည့် (4 x 6) လက်မအရွယ်ရှိ ထင်ရှားပီပြင်သည့်ကာလာဓာတ်ပုံ (၄) ပုံ၊

၂။ တည်ဆောက်ပြီးစီးသည့် ပြည်တွင်း၌စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးစီးကွင်းဆင်း စစ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရမည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်းစစ်ဆေးတွေ့ရှိ ရပါက ပြုပြင်ဆောင်ရွက်စေပြီး ထပ်မံကွင်းဆင်းစစ်ဆေးမည်။

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးစီးကွင်းဆင်းစစ်ဆေးရေး အဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး လိုင်စင်ထုတ်ပေးသင့်ကြောင်းထောက်ခံတင်ပြလျှင် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြမည်။

၄။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးက လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ပါက သက်တမ်း(၁)နှစ်ရှိ ပြည်တွင်း၌ စက်ဆီချောဆီ ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ကို ခွင့်ပြုထုတ်ပေးရမည်။

၅။ လိုင်စင်နှင့်အတူထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့် စက်ဆီချောဆီများ၏ ထုပ်ပိုးပစ္စည်း(ဗူး၊ ပုံး၊ တိုင်ကီ)များ အားလုံးတွင် PPRD ၏အမှတ်တံဆိပ်ပါ Code နံပါတ်နှင့်အတူအသားတံဆိပ်ရိုက်နှိပ်၍ လုပ်ငန်းရှင်/ကုမ္ပဏီအဖွဲ့အစည်းများအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှု ဖြင့်ထုတ်ပေးမည်။

၆။ ပထမဆုံးထုတ်လုပ်သည့် စက်ဆီချောဆီနမူနာအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ အရည်အသွေး ကိုက်ညီမှုရှိမှသာ ဖြန့်ဖြူးရောင်းချခွင့်ပြုမည်။

၇။ လိုင်စင်ရရှိသူသည် ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကျသင့်သောလိုင်စင်အခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ ပေးသွင်းရမည်။

၈။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် ပြည်တွင်း၌စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၏ သက်တမ်းမှာ လိုင်စင်ခွင့်ပြုသည့် နေ့မှစတင်၍ (၁)နှစ် တိတိဖြစ်သည်။

၉။ ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချသည့် စက်ဆီ/ချောဆီများ၏ အရည်အသွေးနှင့်ပတ်သက်၍ ထုပ်ပိုးပစ္စည်း(ဗူး၊ ပုံး၊ တိုင်ကီ)များအားလုံးတွင် " မြန်မာပြည်တွင်ထုတ်လုပ်သည် " ဟူသည့် စာသားအား အများမြင်သာသည့်နေရာတွင် ပီသထင်ရှားစွာ ရိုက်နှိပ်ဖော်ပြရမည်။

## လိုင်စင်သက်တမ်းတိုးခြင်း

၁။ လိုင်စင်ရရှိသူသည် လိုင်စင်စတင်ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ လိုင်စင်သက်တမ်း မကုန်ဆုံးမီ ၂ လအတွင်း လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းရှင်ဖြစ်ပါက နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်းနှင့်မိတ္တူ

(ခ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့်အချက်အလက်များ

(ဂ) ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် မူရင်းနှင့်မိတ္တူ

(ဃ) သက်တမ်းတိုးပြီးသည့်သိုလှောင်ရုံနှင့်သိုလှောင်ခွင့်လိုင်စင် မူရင်းနှင့်မိတ္တူ

၂။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးက ရောစပ်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစက်ရုံအား ကွင်းဆင်းစစ်ဆေးစိစစ်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိကြောင်းထောက်ခံတင်ပြလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးမည်။

၃။ ပြည်တွင်း၌ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်အတွက် သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောကျသင့်အခကြေးငွေများကို ပေးသွင်းရမည်။

**အမည်ပြောင်းလဲခြင်း**

၁။ ပြည်တွင်း၌ စက်ဆီချောဆီ ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် အမည်ပြောင်းလဲခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများဖြင့် လျှောက်ထားရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့်အချက်အလက်များ

(ခ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်

(ဂ) ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် မူရင်းနှင့်မိတ္တူ

(ဃ) အမည်ပြောင်းလဲလိုသည့်ကုမ္ပဏီ၏ သိုလှောင်ရုံနှင့်သိုလှောင်ခွင့်လိုင်စင် မူရင်းနှင့်မိတ္တူ

(စ) မူလပိုင်ရှင်နှင့် ကုမ္ပဏီအမည်ပြောင်းလဲလိုသူ၏ နှစ်ဦးသဘောတူ စာချုပ်စာတမ်း အထောက်အထားမူရင်းနှင့်မိတ္တူ

၂။ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်အတွက် အမည်ပြောင်းလဲ လျှောက်ထားမှုအားစိစစ်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အမည်ပြောင်းလဲခွင့်ပြုမည်။

၃။ ပြည်တွင်း၌ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်အတွက် အမည်ပြောင်းလဲသူက သတ်မှတ်ထားသောကျသင့်အခကြေးငွေများကိုပေးသွင်းရမည်။

**ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း**

၁။ ပြည်တွင်း၌ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုရန်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများဖြင့်လျှောက်ထားရမည်-

(က) ပျက်စီး သို့မဟုတ် ပျောက်ဆုံးကြောင်း လုပ်ငန်းရှင်/ကုမ္ပဏီ၏ ကတိဝန်ခံချက်

(ခ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းသက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဂ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းသက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ထောက်ခံချက်

၂။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးက ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းတင်ပြလာပါက မိတ္တူမှန်ထုတ်ပေးမည်။

၃။ ပြည်တွင်း၌ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် ပျက်စီးသို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ပေးခြင်းအတွက် သတ်မှတ်ထားသောကျသင့်အခကြေးငွေများကို ပေးသွင်းရမည်။

**ယာယီပိတ်သိမ်းခြင်း**

၁။ လိုင်စင်ယာယီပိတ်သိမ်းခြင်း (၃)မျိုးရှိပါသည်။

(က) ပထမဆုံးထုတ်လုပ်သည့် စက်ဆီချောဆီနမူနာအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ အရည်အသွေးကိုက်ညီမှုမရှိပါက လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်းနှင့်ထုတ်လုပ်သည့် စက်ဆီချောဆီများအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်။

( ခ) လိုင်စင်ပါသတ်မှတ်စည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အရ လိုင်စင်ယာယီပိတ်သိမ်ခြင်း

( ဂ) လုပ်ငန်းရှင်၏လိုအပ်ချက်အရ လိုင်စင်ယာယီပိတ်သိမ်းခြင်း

၂။ ပထမဆုံးထုတ်လုပ်သည့် စက်ဆီချောဆီနမူနာအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ အရည်အသွေးကိုက်ညီမှုမရှိပါက လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်းအတွက်-

(က) အရည်အသွေးကိုက်ညီမှုမရှိသည့် ရောစပ်ထုတ်လုပ်သည့် စက်ဆီချောဆီများအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်။

( ခ) ထပ်မံထုတ်လုပ်သည့် စက်ဆီချောဆီများ၏အရည်အသွေး ကိုက်ညီမှန်ကန်မှုရှိပါက သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းလိုင်စင်အား စိစစ်ခွင့်ပြုထုတ်ပေးမည်။

၃။ လိုင်စင်ပါသတ်မှတ်စည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အရ လိုင်စင်ယာယီပိတ်သိမ်ခြင်း-

(က) စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွင် မီးလန့်မှုဖြစ်ပွားပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ ပထမအကြိမ်ဖြစ်လျှင် ၃လ၊ ဒုတိယအကြိမ်ဖြစ်လျှင် ၆ လ ယာယီပိတ်သိမ်းအရေးယူမည်။

( ခ) စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွင် မီးလောင်မှုဖြစ်ပွားပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ ပထမအကြိမ်ဖြစ်လျှင် ၆လ၊ ဒုတိယအကြိမ်ဖြစ်လျှင် ၁ နှစ် ယာယီပိတ်သိမ်းအရေးယူမည်။

( ဂ) ယာယီပိတ်သိမ်းခြင်းအတွက် လိုင်စင်(မူရင်း)များအား သိမ်းဆည်း၍ သိမ်းဆည်းထားစဉ်ကာလအတွင်း လိုင်စင်(မိတ္တူမှန်)ထုတ်ပေးရမည်။

(ဃ) မီးလောင်၊ မီးလန့်ဖြစ်ပွားမှုများကြောင့် လိုင်စင်ယာယီပိတ်သိမ်းခြင်းများအတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ရမည်။

( င ) လိုင်စင်ယာယီပိတ်သိမ်းထားစဉ်အတွင်း လိုင်စင်သက်တမ်းကုန်ဆုံးမည်ဆိုပါက သက်တမ်းကုန်ဆုံးရက်မတိုင်မီ လုပ်ငန်းရှင်သို့အကြောင်းကြား၍ သတ်မှတ်ချက်နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

( စ ) လုပ်ငန်းရှင်/ကုမ္ပဏီများမှ လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန် လိုင်စင်ယာယီပိတ်သိမ်းကာလပြည့်မြောက်ရက်မတိုင်မီ ရုံးချုပ်သို့တင်ပြခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ လုပ်ငန်းလည်ပတ်ခွင့်ပြုရန်သင့်/မသင့် ကွင်းဆင်းစစ်ဆေးရမည်။

( ဆ ) သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိပါက ကိုက်ညီသည်အထိပြင်ဆင်စေပြီးမှ ထောက်ခံတင်ပြရမည်။

(ဈ) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိမှ ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက လိုင်စင်မူရင်းများ ပြန်လည်ထုတ်ယူခွင့်ပြုပေးမည်။

၄။ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွင် လုပ်ငန်းရှင်၏ လိုအပ်ချက်အရ လိုင်စင်ယာယီပိတ်သိမ်းခြင်းတွင် အောက်ပါအချက်အလက်များဖြင့် လျှောက်ထားရမည်-

(က) လိုင်စင်ယာယီပိတ်သိမ်းလိုသည့်အကြောင်းအရာ

( ခ ) ယာယီပိတ်သိမ်းလိုသည့်ကာလ

( ဂ ) တိုးချဲ့ပြင်ဆင်ပြောင်းလဲမည်ဖြစ်ပါက ပြင်ဆင်ပြောင်းလဲလိုသည့် (Layout Plan၊ Design & Detail Drawing) နှင့်အတူ

(ဃ) ယာယီပိတ်သိမ်းလိုသည့် အကြောင်းအရာအား စိစစ်ခွင့်ပြုသင့်ပါက အများဆုံး(၆)လအထိ ခွင့်ပြုမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက သက်တမ်းတိုးမြှင့်ခွင့်လျှောက်ထားရမည်။

( င ) ယာယီပိတ်သိမ်းခြင်းအတွက် လိုင်စင်(မူရင်း)များအားသိမ်းဆည်း၍ သိမ်းဆည်းထားစဉ်ကာလအတွင်း လိုင်စင်(မိတ္တူမှန်)ထုတ်ပေးရမည်။

( စ ) လိုင်စင်ယာယီပိတ်သိမ်းခြင်းများအတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ရမည်။

(ဆ) လိုင်စင်ယာယီပိတ်သိမ်းထားစဉ်အတွင်း လိုင်စင်သက်တမ်းကုန်ဆုံးမည်ဆိုပါက သက်တမ်းကုန်ဆုံးရက်မတိုင်မီ လုပ်ငန်းရှင်သို့အကြောင်းကြား၍ သတ်မှတ်ချက်နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

(ဇ) လုပ်ငန်းရှင်/ကုမ္ပဏီများမှ လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန် လိုင်စင်ယာယီပိတ်သိမ်းကာလပြည့်မြောက်ရက်မတိုင်မီ ရုံးချုပ်သို့တင်ပြခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ လုပ်ငန်းလည်ပတ်ခွင့်ပြုရန် သင့်/မသင့် ကွင်းဆင်းစစ်ဆေးရမည်။

(ဈ) သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိပါက ကိုက်ညီသည်အထိ ပြင်ဆင်စေပြီးမှထောက်ခံတင်ပြရမည်။

(ည) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိမှ ကိုက်ညီကြောင်းထောက်ခံတင်ပြလာပါက လိုင်စင်မူရင်းများ ပြန်လည်ထုတ်ယူခွင့်ပေးမည်။